လူရေ



# သေမင်းကို လှည့်စားနိုင်တယ်



# (၁)

"ဒေါက် ... ဒေါက်"

"ဘယ်သူလဲ"

"အရူးမကြီး မစာဥ"

"ဟင်... ဘယ်က အရူးမကြီးလဲ"

"မသိဘူးလေ၊ ငယ်ငယ်တုန်းကအတိုင်း မေးနေတယ် ထင်လို့ "

"အောင်မယ်... ရာရာစစ၊ ဒါကစားနေတာ မဟုတ်ဘူး ကွ၊ ဖြေစမ်း... တံခါးကို တဒေါက်ဒေါက်နဲ့ လာခေါက်နေတာ ဘယ်သူလဲ"

"ကျွန်တော် တင်အောင်သန်းထွေးဝင်းပါ"

"ဘယ်က တင်အောင်သန်းထွေးဝင်းလဲ။ မင်းနာမည်ကလည်း ရှည်လိုက်တာကွာ။ ဒါ... နတ်ပြည်ကိုဝင်တဲ့ တံခါးကွ ခေါက်ချင်တိုင်းခေါက်လို့ မရဘူးဆိုတာ မသိဘူးလား"

"သိပါတယ်... တံခါးမှူး"

"အောင်မယ် ငါ့နာမည် တံခါးမှူး မဟုတ်ဘူး ကွ၊ နာမည်ရှိတယ်၊ ဒါပေမယ့် ငါ့နာမည်က မင်းနာမည်ထက်ရှည်တော့ လွယ်လွယ်ပြောရရင် စောင့်နတ်လို့ ပဲခေါ်"

"ဘာ… စောက်နတ် ဟုတ်လား"

"ဟေ့ကောင်… စောင့်ရှောက်တဲ့ နတ်။ တစ်ခုခုကို စောင့်ရှောက်တဲ့ နတ်လို့ ပြောတာကွ၊ အခု တံခါးမှာ တာဝန်ကျတော့ တံခါးစောင့်ရှောက် နတ်။ ကဲ စကားမများ နဲ့ ကွာ။ ဘာကိစ္စ တံခါး လာခေါက်တာလဲ"

"နတ်ပြည်ထဲ ဝင်ချင်လို့ "

"အံမယ်… မင်းက သေပြီးသားလား"

"သေပြီထင်တာပဲ"

"ဟင်… ကိုယ့်ကိုကိုယ် သေလို့ သေမှန်းတောင် မသိဘူးလား"

"ဒါကတော့ ဘယ်သိမလဲဗျ"

"ဒါဆို မင်းက နတ်ပြည်ထဲ ဝင်ခွင့်မရှိသေးဘူး"

***

(၂)

"ကျွန်တော်သိတဲ့ အချိန်မှာ မီးခိုးတွေလိုလို၊ တိမ်တွေ လိုလိုထဲ ရောက်နေတာ သိတယ်။ ဒီတော့ ကျွန်တော်က နတ်ပြည် ရောက်လာတာ မဟုတ်ဘူး လား"

"ဟုတ်တော့ ဟုတ်တယ်လေ"

"အဲဒါ ဘာဖြစ်လို့ ကျွန်တော့်ကို နတ်ပြည်ထဲ ပေးမဝင်သလဲ"

ထိုလူ့စကားကြောင့် စောင့်နတ်မှာ ခေါင်းကုတ်ဖင်ကုတ် ဖြစ်သွားသည်။

"ဒီလိုရှိတယ်ကွ"

"အင်း... ဆိုပါဦး"

"မင်းက နတ်ပြည်ရောက်လာတာတော့ မှန်တယ်။ ဒါပေမဲ့ မင်းရောက်နေတဲ့ နေရာက နတ်ပြည်ရဲ့ နယ်နမိတ်အစပ်လို့ ပြောလို့ ရတဲ့ နေရာကို ရောက်နေတာ ဖြစ်တယ်။ ဒီတော့ နတ်ပြည်ထဲ ဝင်ဖို့ က မင်းမှာ ဝင်ခွင့်ရှိမရှိ သိဖို့ လိုတယ်။ ငါ့လက်ထဲမှာ ကိုင်ထားတဲ့ ရွှေသားရေပရပိုဒ်ထဲမှာ တော့ မင်းနာမည်... ဘယ်သူ"

"တင်အောင်သန်းထွေးဝင်း လေ"

"အေး... မင်းနာမည်တော့ မပါဘူး"

"မှားများ မှားနေသလား"

"မမှားဘူးကွ၊ ငါသေချာကြည့်ထားတယ်။ ဒီနေ့အတွက် နတ်ပြည်ထဲကို ရောက်လာစရာ တစ်ဦးတစ်ယောက်မှ မရှိဘူးကွ"

"ဒါဆို ကျွန်တော်က ဘာဖြစ်လို့ ဒီရောက်နေလဲ"

"မင်း ငရဲပြည် သွားမေးကြည့်ပါလား"

"ဘာဗျ၊ ကျွန်တော်က ငရဲပြည် ရောက်စရာအကြောင်း မရှိဘူး"

"ဒါကတော့ ကိုယ့်ကိုကိုယ် ထင်ကြတာကိုးဗျ။ ခုနက လူ နှစ်ယောက်လည်း အဲဒီလိုပဲ ကိုယ့်ကိုကိုယ် ထင်နေတာ ငရဲပြည်ကိုပဲ ညွှန်လိုက်ရတယ်။ ဘာလဲ... နာမည်တောင် မှတ်ထားပါတယ်။ အေးကျော်ဆိုလား

ကျော်အေးဆိုလား။ အဲ… မင်းတို့ လူတွေ မှ ည့်တတ်တဲ့ နာမည်ထဲကပဲ ကွာ"

"ကျွန်တော်က ငရဲပြည်ဝင်ရမယ့် ကံကြမ္မာပါလာရင် ငရဲ ပြည်နားမှာ အလိုလို ပေါ်လာမှာ ပေ့ါ။ အခု ဒီနေရာမှာ ပေါ်တော့ ကျွန် တော်က နတ်ပြည်ထဲရောက်ဖို့ ကံပါလာတာပဲလေ"

"အခု ခင်ဗျားရပ်နေတာက ငရဲပြည်မှာ ခြေတစ်ချောင်း၊ နတ်ပြည်မှာ ခြေတစ်ချောင်းနော်"

"ဟင်… ဟုတ်လား"

***

(၃)

စောင့်နတ်ကြောင့် ထိုလူမှာ စိတ်ပျက်သွားလေသည် ။

"ငရဲပြည်ကလည်း နတ်ပြည်နားမှာ ပဲ ရှိတာလား"

"အင်း... ဘယ်လိုပြောရမလဲ၊ ငရဲပြည်ကို ဆင်းရမယ့် လမ်းကြောင်းတစ်နေရာရဲ့ ဂိတ်တံခါးတစ်ခု ရှိတာပါကွ"

"ကျွန်တော်နာမည် ဒီနတ်ပြည်မှာ မပါတာတော့ သေချာတယ် နော်"

"သေချာပါတယ်ဗျာ။ စိတ်တော့ မကောင်းပါဘူး"

"အေးလေ... ဘယ်တတ်နိုင်မလဲ။ ကျွန်တော်ကံပဲပေါ့။ ဒါနဲ့ ငရဲပြည်ကို ဘယ်လိုသွားရမလဲ"

"ညာဘက်ချိုး၊ တည့်တည့်သွား၊ ခဏနေ တံခါးတစ်ခု တွေ့မယ်၊ ခေါက်ကြည့်လိုက်"

"အေးဗျာ... ကျေးဇူးပဲ"

ထိုလူမှာ ခေါင်းငိုက်စိုက်ချပြီး စောင့်နတ်ညွှန်ပြသော လမ်းကို ဦးတည်ပြီး လျှောက်သွားလေ၏။

***

(၄)

"ဒေါက်... ဒေါက်"

"ဘယ်သူလဲ"

"ဒါ... ငရဲပြည်လား"

"ဘယ်သူလဲလို့ မေးနေတယ်လေ။ အရင်ဖြေ"

"အင်း... ငရဲပြည်တော့ သေချာလောက်တယ်။ လေသံ က ခပ်မာမာ နဲ့ "

"ဘာတွေ ပွစိပွစိ ပြောနေတာလဲ။ မင်းနာမည် ပြောစမ်း"

"တင်အောင်သန်းထွေးဝင်း"

"အင်း... တင်အောင်... ဘယ်သူ"

"သန်းထွေးဝင်းပါ"

"နေဦး... ငါရှာကြည့်ဦးမယ်"

"တင်...အောင်...တင်...အောင်..."

"တင်အောင်ဝင်းပဲ တွေ့တယ်ကွ။ မင်းနာမည်က သေရောသေချာလို့ လား"

"အာ...ကျွန်တော့်နာမည်က သေချာပါတယ်ဗျ"

"အေး... င့ါရဲ့ ခွေးသားရေ ပရပိုဒ်ထဲမှာ လည်း ဒီနေ့ ရောက်မယ့်သူ ဟာ တင်အောင်ဝင်းလို့ ရေးထားတယ်"

"ဟင်... ဒါဆိုငရဲပြည်မှာ ကျွန်တော့်နာမည် မပါဘူးပေါ့။ ဟေး... ဟေး"

"အဲဒါ ဘာဖြစ်ရတာလဲ"

"ပျော်လို့ ပေါ့ဗျ"

"ပျော်မနေနဲ့ ၊ ငရဲပြည်နားမှာ ပျော်နေရင် ငရဲမင်းသိက္ခာ ကျတယ်ကွ။ သွားစမ်း မြန်မြန်ထွက်သွားစမ်း"

"ကျွန်တော်က ဘယ်သွားရမှာ လဲ"

"နတ်ပြည်သွားပေါ့ကွ"

"နတ်ပြည်မှာ လည်း ကျွန်တော့်နာမည် မရှိဘူးတဲ့ "

"သေရော သေချာလို့ လား"

"ဟုတ်တယ်။ သူတို့ က ဒီနေ့နတ်ပြည်ကို တစ်ယောက်မှ လာစရာမရှိဘူးလို့ သေချာပြောလိုက်တာ။ ခင်ဗျားမှာ က ကျုပ် နာမည် တစ်ဝက်တူတယ်ဆိုတော့ ဟိုလေ မှားရေးမိတာတို့ ဘာတို့ များ ဖြစ်နေမလား"

"အောင်မယ်... ငရဲပြည်မှာ မှားရေးတာ မရှိဘူးကွ။ သူ့အလိုလိုပေါ်တာ"

"အင်း... ဒါဆို ကျွန်တော်က လူ့ပြည်ကို ပြန်ဆင်းရ မယ်နဲ့ တူတယ်"

"အဲဒီလိုလည်း မရတော့ဘူး"

"ဟာ... နတ်ပြည်မှာ လည်း ကျွန်တော့်နာမည် မပါဘူး၊ ငရဲပြည်မှာလည်း ကျွန်တော့်နာမည် မပါဘူးဆိုတော့ လူ့ပြည် ပြန်ဆင်းဖို့ ပဲ ရှိတော့တာပေါ့"

" မဟုတ်ဘူး လေ၊ မင်းက သေသွားပြီ ဖြစ်တဲ့ အတွက် မင်း ခန္ဓာကို

ယ်ကလည်း မရှိတော့ဘူး။ ပြီးတော့ ဒီအပေါ်ရောက်ပြီးရင် ပြန်ဆင်းလို့ မရတော့ဘူးကွ… သွားပါကွာ။ နတ်ပြည်ကိုပဲ သေ ချာပြန်မေးစမ်းပါ"

***